ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

# ညွှန်ကြားချက်အမှတ် (၈/၂၀၁၇)

**အကြောင်းအရာ ။** **မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်း အပိုဒ် ၁၇(ဂ) အား ပြင်ဆင်ခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၃၀-၃-၂၀၁၆ ရက်စွဲပါ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်း

၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၃၂ ၊ ၁၈၄ နှင့် ရည်ညွှန်းချက်ပါစည်းမျဉ်းအပိုဒ် ၁၇(င)တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများဆိုင်ရာစည်းမျဉ်း အပိုဒ် ၁၇ (ဂ) အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(ဂ) မိုဘိုင်းငွေကြေးစာရင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဆက်သွယ်ဆောင်ရွက်သူအား ကောင်းစွာသိရှိခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ စည်းကမ်းများနှင့်ကိုက်ညီရမည်-

| အဆင့် | ဆက်သွယ်ဆောင်ရွက်သူအား ကောင်းစွာ သိရှိခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း | တစ်နေ့အတွက် လုပ်ငန်းဆောင်ရွက်မှု ပမာဏကန့်သတ်ချက် | တစ်လအတွက် လုပ်ငန်းဆောင်ရွက်မှု ပမာဏကန့်သတ်ချက် | အမြင့်ဆုံးစာရင်း ပမာဏလက်ကျန် ကန့်သတ်ချက် |
|---|---|---|---|---|
| အဆင့် (၁) (လူပုဂ္ဂိုလ်များ အတွက်သာ) | လိုအပ်၍တောင်းခံလျှင် သက်သေခံ အထောက် အထား (နိုင်ငံသားစိစစ်ရေးကတ် (ပထမ ဦးစားပေး)/ ယာဉ်မောင်းလိုင်စင် (ဒုတိယ ဦးစားပေး) (သို့) နိုင်ငံကူးလက်မှတ်) တင်ပြ ရန်လိုသည်။ | ကျပ် ၅၀,၀၀၀ | ကျပ် ၁.၂၅ သန်း | ကျပ် ၂၀၀,၀၀၀ |
| အဆင့် (၂) (လူပုဂ္ဂိုလ်များ အတွက်သာ) | SIM ကတ်မှတ်ပုံတင်ခြင်း (သို့) နိုင်ငံသား စိစစ်ရေးကတ်(ပထမဦးစားပေး)/ ယာဉ်မောင်းလိုင်စင်(ဒုတိယဦးစားပေး) (သို့) နိုင်ငံကူးလက်မှတ် တင်ပြရန်လိုသည်။ | ကျပ် ၅၀၀,၀၀၀ | ကျပ် ၁၂.၅ သန်း | ကျပ် ၁ သန်း |
| အဆင့် (၃) (မှတ်ပုံတင်ထားသော တရားဝင်အဖွဲ့အစည်း/ စီးပွားရေးလုပ်ငန်းများ အတွက်သာ) | စီးပွားရေးလုပ်ငန်းမှတ်ပုံတင်အမှတ်၊ ဖွင့်လှစ်ထားသော ငွေစာရင်းအတွက် လိုအပ် သည့် သက်သေခံ အထောက်အထားများ တင်ပြရန်လိုသည်။ | ကျပ် ၁ သန်း | ကျပ် ၂၅ သန်း | ကျပ်သန်း ၁၀ |

၂။ အထက်အပိုဒ်(၁)ပါ ပြင်ဆင်ချက်မှလွဲ၍ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်းပါ ကျန်အချက်များသည် ယခင်အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိမည်ဖြစ်သည်။

(ပုံ)xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ

မိတ္တူကို
ရုံးလက်ခံ/ မျှောစာတွဲ